**ပြည်ထောင်စုတိုင်းရင်းသား မဂ္ဂဇင်း**

**အတွဲ ( ၁ ) အမှတ် ( ၃ ) ဆောင်းပါး**

**မြန်မာ့သမိုင်းထဲက ထနော့လူမျိုး**

"ထနော့" ဟူသော အမည်ဆိုသည်မှာ "ထနော့" ဟူသည့် တိုင်းရင်းသားလူမျိုးစုတစ်စု၏ အမည်နာမ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်း ၁၃၅ မျိုးရှိပါသည်။ ထိုတွင် ထနော့ တိုင်းရင်းသားလူမျိုးများသည်လည်း တရားဝင်တိုင်းရင်းသားအဖြစ် ရပ်တည်လျက်ရှိပါသည်။ ထောင်ဂဏန်းမျှသာရှိသော ထနော့လူမျိုးသည် ယနေ့တွင် ဂီတ၊ စာပေများနှင့် ရိုးရာယဉ်ကျေးမှု များပျောက်ကွယ်ပြီး ဘာသာစကားတစ်မျိုးတည်းသာ ကျန်ရှိသည့်လူမျိုးလည်းဖြစ်ပါသည်။

ဤသို့ တိမ်မြုပ်ပျောက်ကွယ် လုဆဲဖြစ်သော ထနော့တိုင်းရင်းသားတို့၏ အကြောင်းကို မိမိလေ့လာမိသမျှ၊ ဖတ်ရှုမိသမျှ၊ စုဆောင်းမိသမျှဖြင့် တင်ပြလိုပါသည်။

**ထနော့တိုင်းရင်းသားတို့၏ အမျိုးအနွယ်**

ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် အမျိုးအနွယ်အားဖြင့် ခွဲကြည့်သော် သုံးမျိုးသာရှိသည်ကို တွေ့ရပါသည်။ အသားဖြူလူမျိုးများကို အာရိယန်လူမျိုးများ၊ အာရိယန်အမျိုးအနွယ်ဟုခေါ်ပြီး အသားမည်းလူမျိုးများကို နီဂရစ်တို အမျိုးအနွယ်များဟုခေါ်ကြသည်။ တစ်ဖန် အသားဝါ လူမျိုးများကို မွန်ဂိုအမျိုးအနွယ်များဟု ခေါ်ကြပါသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား များသည် မွန်ဂိုအမျိုးအနွယ်များမှ ဆင်းသက်လာကြသည်ဟု သမိုင်းပညာရှင်များက ဆိုကြသည်။

**မူရင်းဒေသကိုစွန့်ပြီး ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့လာပုံ**

မွန်ဂိုတို့၏ မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်း တာရင့်မြစ်ဝှမ်းဒေသများဖြစ်ကြသည်။ အချိန်ကာလ ကြာလာသောအခါ လူဦးရေတိုးပွားသဖြင့် နေရာကျပ်တည်းကျဉ်းမြောင်းလာခဲ့သည်။ ရာသီဥတုဖောက်ပြန်၍ မိုးလေဝသ ခေါင်းပါးလာခြင်းကြောင့်လည်း အစာရေစာများရှားပါး လာသည်။ ထိုသို့ အစာရေစာများ ရှားပါးလာသည်ကို အကြောင်းပြု၍ အင်အားကြီးသူတို့က အင်အားနဲနေသူတို့အပေါ် နိုင်ထက်စီးနင်းပြုလာကြသည်။ ဤသို့ အင်အားကြီးသူတို့၏ ဖိနှိပ်မှု ဒဏ်ကြောင့် မူရင်းဒေသကို စွန့်ခွာ၍ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့နေထိုင်လာကြသည်။

**မြန်မာနိုင်ငံသို့ ဝင်ရောက်လာပုံ**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၊ တိဗက်ကုန်းပြင်မြင့်နှင့် ဂိုဗီသဲကန္တာရကြားရှိ ကန်ဆူ အရပ်မှ လူသားများသည် တရုတ်တို့၏ နှိမ်နင်းမှုကြောင့် တိဗက်ပြည်သို့ ရွှေ့ပြောင်းထွက်ခွာခဲ့သည်။ တိဗက်များ တန်ခိုးကြီးထွားလာပြန်၍ ယူနန်နယ်သို့ ပြောင်းရွှေ့ရပြန်သည်။

နန်ချောင်ရှမ်းများ တန်ခိုးကြီးချိန်ဖြစ်နေ၍ သူတို့လက်အောက်ခံ မန်းအမျိုးသားများနှင့် အချိန်အတော်ကြာရောနှော နေထိုင်ခဲ့ကြသည်။ တစ်ဖန်နန်ချောင်းရှမ်းတို့၏ လွှမ်းမိုးမှုကိုမခံလို သဖြင့် သက္ကရာဇ် ၇ ရာစုအလယ်လောက်တွင် မေခမြစ်နှင့် သံလွင်မြစ် အကြားရှိ အရပ်များကို ဖြတ်ကျော်၍ ကျောက်ဆည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ပြည်၊ ရွှေဘို၊ ဒီပဲရင်း၊ မြေတူးနှင့် ချင်းတောင်တန်းများအထိ ပျံ့နှံ့နေထိုင်ခဲ့ကြသည်။

သက္ကရာဇ် ၉ ရာစုရောက်သောအခါ ပုဂံတည်ရာ အရပ်၌ နေသားတကျစုဝေးမိလာကြသည်။ ထို့နောက် "မြန်မာ" အဖြစ်ရပ်တည်နိုင်ခဲ့သည်။ သက္ကရာဇ် ၁၁၀၂ ခုနှစ်က မွန်ကျောက်စာတွင် "မီးမား" ဟု ရေးသားထားပြီး တရုတ်တို့တွင် "မီးယင်း" ဟုခေါ်သည်။ ၎င်းမှာ "မြန်မာ" ဟု အဓိပ္ပာယ်ရသည်။

သက္ကရာဇ် ၁၁၉၀ ပြည့်နှစ်ရောက်မှ မြန်မာကျောက်စာများတွင် "မြန်မာ" ဟု စတင်ရေးသား လာကြသည်။ ထိုသို့ မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်ရာတွင်လည်း တစ်ကြိမ်တစ်ခါတည်း မဟုတ်ဘဲ တစ်သုတ်ပြီးတစ်သုတ် နေရာချဲ့ကာ ဝင်လာကြသည်။ မြန်မာနိုင်ငံအတွင်းသို့ သုံးအုပ်စုခွဲ၍ ဝင်ရောက်လာကြသည်။ ယင်းအုပ်စုမှာ..........

(၁) မွန်-ခမာအုပ်စု၊

(၂) တိဗက်-မြန်မာအုပ်စု၊

(၃) ထိုင်း-တရုတ်အုပ်စုတို့ဖြစ်ပါသည်။

**ထနော့တိုင်းရင်းသားတို့၏ မူရင်းဒေသ**

မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်လာသောအုပ်စုမှာ မွန်ခမာအနွယ်ဝင်များ ဖြစ်ကြသည်။ မဲခေါင်မြစ်ကြောင်း သံလွင်မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းပျံ့နှံ့နေထိုင်ကြသည်။ ဝ၊ လဝ၊ ခမူ၊ တိုင်းလွီ၊ အန်၊ ယန်းလမ်၊ ပလောင်၊ ပလေး၊ ခနော့(ထနော့)စသည့် လူမျိုးစုများသည် မွန်ခမာ အနွယ်ဝင်များဖြစ်ကြသည်။ ထို့ကြောင့် "ထနော့တိုင်းရင်းသားတို့၏ မူရင်းနေရာဒေသမှာ တရုတ်နိုင်ငံ ယန်စီမြစ်ဝှမ်းဒေသဖြစ်သည်။ ရွှေ့လျားလာပုံမှာ မဲခေါင်မြစ်ဝှမ်းမှတစ်ဆင့် မဲနမ် မြစ်ဝှမ်း၊ ရောဝတီမြစ်ဝှမ်း တစ်လျှောက်စိုက်ပျိုး၍ ကောင်းသောနေရာဒေသသို့ ပျံ့နှံ့ရောက်ရှိ လာကြသည်" ဟု သမိုင်းသုတေသီများက ဆိုကြသည်။

ဒုတိယအနေဖြင့် ဝင်ရောက်လာသောအုပ်စုမှာ တိဗက်မြန်မာ အနွယ်ဝင်များဖြစ်ကြသည်။ ဗမာ၊ ရခိုင်၊ မရူ၊ အဇီး၊ လရှီ၊ ထားဝယ်၊ ကတူး၊ ကနန်း၊ ဓနု၊ တောင်ရိုး၊ အင်း၊ မြိတ်၊ ယော၊ တောင်သာ၊ ကချင်၊ ချင်း၊ လူရှိုင်း၊ နာဂ၊ ရဘိန်းတိုင်းရင်းသားများသည် တိဗက်မြန်မာအနွယ်ဝင်များဖြစ်ကြသည်။

နောက်ဆုံးအနေဖြင့် ဝင်ရောက်လာသော အုပ်စုမှာ ထိုင်းတရုတ်အုပ်စုဖြစ်သည်။ ရှမ်း၊ ဂုံ၊ ခန္တီ ရှမ်း၊ ကရင်၊ ကယား၊ ပအိုဝ်းတိုင်းရင်းသားများသည် ထိုင်းတရုတ်အနွယ်ဝင်များဖြစ်ကြသည်။

အထက်ပါ အမျိုးအနွယ်စုများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၃၆၅ ခန့်က မြန်မာနိုင်ငံအတွင်းသို့ ပျံ့နှံ့ဝင်ရောက်လာကြသည်။

**ရှမ်းမြေလတ်သို့ ရောက်ရှိလာပုံ**

အေဒီ ၉ ရာစု ပတ်ဝန်းကျင်က ရှေးမြန်မာများသည် လားရှိုး၊ နောင်ချို၊ ရပ်စောက်နယ်များမှ ဖြတ်ကျော်ပြီး ရှမ်းမြေလတ် ရွာငံနယ် တောင်ထိပ်တောင်ကြားနှင့် မြားကလေးတောင်ကြားမှ ဝင်ရောက်လာကြသည်။ စမုံမြစ်၊ ပန်းလောင်းမြစ်၊ ဇော်ဂျီမြစ်တောင်ပိုင်းတစ်လျှောက် စိုက်ပျိုးရေး အခြေခံလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။ ကျောက်ဆည်ဒေသ၌ နေရာမဆံ့ ဖြစ်လာပြီး မင်းဘူး၊ တောင်တွင်းကြီး၊ ပြည်၊ ဒီပဲရင်း၊ မြေတူး၊ ရွှေဘိုသာမက ချင်းတောင်တန်းအထိ ပျံ့နှံ့သွားသည်။ နောက်ဆုံး ပုဂံတည်ရာအရပ်၌ ရောက်လာကြသည်။ သက္ကရာဇ် (၈၄၉) ခုနှစ်တွင် ပျဉ်ပြားမင်းက ပုဂံပြည်ကြီးကို စတင်တည်ထောင်လိုက်သည်။

သို့သော် တောင်အောက်သို့ လိုက်ပါမသွားဘဲ ရေကြည်ရာ မြက်နုရာ ရှမ်းမြေလတ် တစ်ကြောတွင် တောင်ရိုး၊ ဓနု၊ ဓနော့(ထနော့) တိုင်းရင်းသားများက ကျန်ရစ်ခဲ့ကြသည်။ ရှမ်းပြည်နယ်တစ်ဝန်းတွင် မွန်ခမာအမျိုးအနွယ်တို့၏ မူလနေရာဒေသဖြစ်သည်။ ရှမ်းနှင့်မြန်မာတို့ ဝင်ရောက်သိမ်းပိုက်မှုကြောင့် မွန်လူမျိုးများသည် တောင်အောက်အရပ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ သို့သော် ထနော့လူမျိုးများသည် မွန်လူမျိုးများကို လိုက်ပါမသွားဘဲ ရှမ်းပြည်နယ်တစ်ဝန်း၌ ကျန်ရစ်ခဲ့သည်။

**ခေတ်သစ်သမိုင်းသုတေသီများ**

ဓနော့ (ထနော့) လူမျိုးစုတို့မှာ ရှမ်းပြည်တောင်ပိုင်းမြေလတ်ပိုင်းရှိ လူမျိုးစုများအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ များသောအားဖြင့် ထနော့လူမျိုးစုတို့ကို ပင်းတယ၊ သာမိုင်းခမ်း၊ ပင်မှီ စသည် အရပ်များတွင် ဓနုလူမျိုးနှင့်အတူ တွေ့မြင်ရကြောင်း အဆိုရှိသည်။ (မင်းနိုင်၊ ၁၉၅၉၊ ၁၇။)

**ထနော့လူမျိုးတို့၏ ပျံ့နှံ့ရာဒေသများ**

မည်သို့ပင်ဆိုစေကာမူ ထနော့လူမျိုးများသည် ရှမ်းပြည်တောင်ပိုင်း၊ ရပ်စောက်၊ ရွာငံ၊ ပင်းတယ၊ ပင်လောင်း၊ အင်းလေး၊ ကျောက်ထပ်၊ သာမိုင်းခမ်း၊ လွယ်မော၊ လွယ်အုံ့၊ ငုံးသုံး၊ ပေါ်တုတ်၊ ချောင်းကြား၊ မြင်းသာ၊ ကုန်းထိပ်၊ ထင်းရှူးကုန်း၊ ကျောက်ဆင့်၊ သအယ်တစ်၊ ဘုရားဦး၊ တောင်ပို့လှ၊ ပင်မှီ၊ လယ်ကြား၊ တောင်နီ၊ သိမ်ကုန်း၊ ဇန်းပုံး၊ သစ်ပင်ထောင်၊ နောင်အင် စသောရှမ်းမြေလတ် တောင်ပိုင်း နေရာဒေသများတွင် ပျံ့နှံ့နေထိုင်လျက်ရှိသည်ကို ယနေ့ထိတိုင် တွေ့မြင်နိုင်ပါသည်။ သက္ကရာဇ် ၁၈၉၇ ခုနှစ်ရောက်သည့်အခါ သာမိုင်းခမ်းနယ်အတွင်းနေထိုင်သော ထနော့ တိုင်းရင်းသားလူဦးရေမှာ ၄၈၆ ယောက်ရှိသည်ဟု သိရသည်။ ယင်းနေရာဒေသများသည် ပဒေသ

ရာဇ်ရှမ်းစော်ဘွားများအုပ်ချုပ်ခဲ့သည်။ လူမျိုးတစ်မျိုး၏ သမိုင်းကိုလေ့လာရာ၌ ကျောက်စာ၊ မင်စာများသည် အဓိက ခိုင်လုံသော သက်သေအထောက်အထားဖြစ်သည်။ သို့သော်လည်း ထနော့လူမျိုးနှင့် ပတ်သတ်သော ကျောက်စာ၊ မင်စာများဖြင့် ကမ္ပည်းထိုးမှတ်တမ်းတင်ထားခြင်း မရှိသလောက် နည်းပါးလှပါသည်။ ထို့ကြောင့် ထနော့လူမျိုးတို့၏ နေထိုင်ရာဒေသများ၊ ပြောဆိုသောဘာသာစကားများ၊ အသံနေ အသံထားများ၊ ရိုးရာဝတ်စားဆင်ယင်မှုများကိုသာ ထောက်ဆ၍ လေ့လာရပါသည်။

**အရှင်ဆောကိန္ဒ(ထနော့)**